

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ**
**တတိယအစည်းအဝေးဖွင့်ပွဲအခမ်းအနား**
**တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ကိုယ်စား ပြောကြားသော**
**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၊ ဥက္ကဋ္ဌ - ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုး၏**
**နှုတ်ခွန်းဆက်အမှာစကား**

၂၀၁၈ခုနှစ်၊ ဇူလိုင်လ(၁၁)ရက်
MICC-II၊ နေပြည်တော်

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ တတိယအစည်းအဝေးဖွင့်ပွဲအခမ်းအနားကို တက်ရောက်လာကြတဲ့ နိုင်ငံတော်ခေါင်းဆောင်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ တပ်မတော်ခေါင်းဆောင်ကြီးများ၊ နိုင်ငံရေးပါတီအသီးသီးမှ ခေါင်းဆောင်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်ကိုယ်စားလှယ်များ၊ ကမ္ဘာ့ကုလသမဂ္ဂ အထူးကိုယ်စားလှယ်နှင့်တကွ နိုင်ငံအသီးသီးက သံတမန်တော်ကြီးများ၊ လူမှုအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များ၊ ကဏ္ဍ၊ အစုအဖွဲ့အသီးသီးမှ ခေါင်းဆောင်ကိုယ်စားလှယ်တော်များ၊ တက်ရောက်လေ့လာသူများ၊ အခမ်းအနားဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ ပံ့ပိုးကူညီသူများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းခေါင်းဆောင်ကိုယ်စားလှယ်များကိုယ်စား ဆန္ဒပြုမေတ္တာပို့အပ်ပါတယ်။

တနိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို ယခင်အစိုးရလက်ထက်မှာ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ကိုယ်စားလှယ်များ ညှိနှိုင်းရရှိပြီး၊ ဦးစွာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၈) ဖွဲ့နှင့် (NCA) ကို လက်မှတ်ရေးထိုးနိုင်ခဲ့တယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်တခုရဲ့ အခြေခံအုတ်မြစ်ကို ချနိုင်ခဲ့ပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ နိုင်ငံတော်တာဝန်ယူပြီးနောက်၊ အားလုံးပါဝင်၍ အားလုံးပိုင်ဆိုင်သော ငြိမ်းချမ်းရေးဖြစ်စဉ်ကို စတင်နိုင်ရန် ရည်ရွယ်ပြီး ဒုတိယအကြိမ်ညီလာခံကို ကျင်းပခဲ့တယ်။ အားလုံးလက်ခံနိုင်သော အခြေခံမူဝါဒ ဖော်ထုတ်နိုင်ရေးအတွက် ကြိုးပမ်းဆောက်ရွက်သွားမည့် ရည်ရွက်ချက်ဖြင့် ပြည်ထောင်စုငြိမ်းချမ်း ရေးညီလာခံ - (၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ မေလအတွင်းမှာ ကျင်းပနိုင်ခဲ့ပြီး အချက် (၃၇) ချက်ပါ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၁) ကို ချုပ်ဆိုနိုင်ခဲ့ပါတယ်။ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၁) ကို ချုပ်ဆိုနိုင်ခဲ့သည့်အတွက် (NCA) သဘောတူစာချုပ်ပါ အချက်များကို အကောင်အထည်ဖော်ဆောင်နိုင်သည့် သဘောတူညီမှု အဆင့်တဆင့်သို့ တက်လှမ်းရောက်ရှိလာခဲ့ပါတယ်။ ယခုအချိန်မှာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း(၂) ဖွဲ့ ထပ်မံ၍ (NCA) ကို လက်မှတ်ထိုးလာသဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်း (၁၀) ဖွဲ့ပါဝင်လာခဲ့သည်ကို တွေ့ရှိရပါတယ်။

ယခုလို အဖွဲ့အစည်းများပါဝင်လာနိုင်အောင် သက်ဆိုင်ရာ အဖွဲ့အစည်းများအကြား အကြိမ်ပေါင်းများစွာ တွေ့ဆုံညှိနှိုင်းမှု၊ စိတ်ရှည် သည်းခံမှု၊ အခက်အခဲ၊ စိန်ခေါ်မှုများကို အတူတကွ ညှိနှိုင်းအဖြေရှာပြီး၊ မိမိတို့အကြားမှာ နားလည်မှုများ ရယူတည်ဆောက်နိုင်ခြင်းကြောင့် ဖြစ်ပါတယ်။ အထူးသဖြင့် ဆယ်စုနှစ်ပေါင်းများစွာ၊ နိုင်ငံရေးအမြင်မတူညီမှု၊ အခွင့်အရေးရရှိမှု မညီမျှမှု၊ ခံယူမှု မတူညီမှုအပေါ် အခြေခံပြီး၊ နှစ်ရှည်လများ၊ လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားခဲ့တဲ့ အစုအဖွဲ့များအကြား ခုလိုပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီမှု စာချုပ်ချုပ်ဆိုနိုင်ခြင်းဟာ တိုးတက်သော အနေအထားတခုသို့ ရောက်ရှိခဲ့သည်ဟု အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။ ကျန်ရှိနေသေးသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများလည်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှာ ပါဝင်လာနိုင်ဖို့အတွက် ပိုမို၍ ဆောင်ရွက်ရန် လိုအပ်ပါတယ်။

ယနေ့ ကျနော်တို့ နိုင်ငံရဲ့ ငြိမ်းချမ်းရေး တည်ဆောက်ရာမှာ တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အပေါ်မှာ အခြေခံသည့်အတွက် စာချုပ်ပါ သဘောတူညီချက်များကို အကောင်အထည်ဖော်ရေးအတွက် အလွန်မှ အရေးကြီးပါတယ်။ တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်၏ အန္တိမ ရည်မှန်းချက်သည် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန် ဖြစ်သည်။ ထိုရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေး ရရှိရန် မြန်မာနိုင်ငံတွင် သမိုင်းရှည်ကြာ ဖြစ်ပွားခဲ့တဲ့ လက်နက်ကိုင် ပဋိပက္ခများအဆုံးသတ်နိုင်ရေးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသား တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အာမခံချက် အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စံနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲ ရလာဒ်နှင့်အညီ တည်ဆောက်သွားရန်ဟူ၍ဖြစ်သည်ဟု အတိအလင်းဖော်ပြထားပြီး သဘောတူညီထားကြပါတယ်။

ကျနော်တို့၏ ပြည်ထောင်စုသည် ပင်လုံစာချုပ်အရ ကမ္ဘာ့အလယ်မှာ လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ဟူ၍ ဖြစ်တည်လာသည်ကို သမိုင်းမှာ ထင်ရှားစွာ တည်ရှိခဲ့ပါသည်။ တနည်းအားဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို တိုင်းရင်းသားများ၏ ပြည်ထောင်စုစိတ်ဓါတ်ဖြင့် အတူတကွပူးပေါင်း တည်ထောင်ခဲ့ကြသည်။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးသည်သာ၊ ပြည်ထောင်စု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိန်းသိမ်းကာကွယ်နိုင်မည်ဖြစ်သည်။ တိုင်းရင်းသား စည်းလုံး ညီညွတ်ရေးကို စစ်ရေးအရ ဖိအားပေးခြင်း၊ အတင်းအကျပ် တည်ဆောက် လို့မရပါ။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို တိုင်ရင်းသားလူမျိုးများအကြား လွတ်လပ်မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှု အခြေခံတရားများဖြင့် သာတည်ဆောက်နိုင်မည် ဖြစ်သည်။ ယုံကြည်မှု၊ နားလည်မှု၊ စာနာမှု များဖြင့် တည်ဆောက်ရမည် ဖြစ်သည်။ လက်တွေ့ လုပ်ငန်းဖြင့်သာ တည်ဆောက်ရမည် ဖြစ်သည်။

ထို့အတူ ပြည်ထောင်စု မပြိုကွဲရေး၊ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး တို့ကို တိုင်း ရင်းသားတို့၏ စည်းလုံးညီညွတ်မှု အားဖြင့်သာ ကာကွယ်၊ ထိန်းသိမ်းနိုင်မှာဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသား လူမျိုးများရဲ့ နောက်ခံသမိုင်း၊ ရိုးရာယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကားနှင့် အမျိုးသားလက္ခဏာများ မတူကွဲပြားမှုကို လက်ခံအသိအမှတ်ပြု၍ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံတို့ဖြင့် ပြည်ထောင်စု လက္ခဏာတစ်ရပ်ကို နိုင်ငံသားအားလုံး စုပေါင်းဖော်ဆောင်ရန်ဖြစ်သည်။ ထိုသို့ ဖော်ဆောင်ရာမှာလည်း ပင်လုံစိတ်ဓါတ်နဲ့အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့်ကို အာမခံချက် အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စံနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲ ရလာဒ်များနှင့်အညီ တည်ဆောက်ရန်ဖြစ်ပါတယ်။

တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးပြီး (၂) နှစ်ကျော်ကာလအတွင်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို (၃) ကြိမ်ကျင်းပနိုင်ခဲ့ သော်လည်း၊ နိုင်ငံရေးဆွေးပွဲကို တကြိမ်သာ ကျင်းပနိုင်ခဲ့သည်။ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ ဒုတိယအစည်းအဝေး ပြီးနောက်၊ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် ပြဋ္ဌာန်းချက်အရ (၆) လတကြိမ် မကျင်းပနိုင်ခဲ့ပါ။ နိုင်ငံရေးဆွေးနွေးပွဲ၏ အမြင့်ဆုံးအဆင့်သည် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံဖြစ်သည်။ နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့်မှ ရရှိလာသော နိုင်ငံရေး သဘော တူညီချက်များ၊ အဆိုပြုချက်များကို အတည်ပြုခြင်း၊ ပြည်ထောင်စု သဘောတူ စာချုပ်အဖြစ်ဖြင့် ချုပ်ဆိုခြင်းများကို ဆောင်ရွက်ရသည်။ သို့ရာတွင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကို နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြဋ္ဌာန်းချက်နှင့်အညီ မကျင်းပ နိုင်ခြင်း၊ ဆွေးနွေးရမည့် အကြောင်းအရာအပေါ် အမြင်မတူညီမှုများကြောင့် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံကို သတ်မှတ်သည့် ကာလအတိုင်း မကျင်းပနိုင်ခဲ့ပါ။

နိဂုံးချုပ်အနေဖြင့် ဒီကနေ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ တတိယ အစည်းအဝေးကို တက်ရောက်လာကြတဲ့ နိုင်ငံခေါင်းဆောင်များ၊ လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ တပ်မတော်မှ ခေါင်းဆောင်ကိုယ်စားလှယ်များ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်ကိုယ်စား လှယ်များ၊ နိုင်ငံရေးပါတီ အသီးသီးမှ ခေါင်းဆောင်ကိုယ်စားလှယ်များ၊ လူမှုအဖွဲ့အစည်းအသီးသီး၊ အစုအဖွဲ့အသီးသီးက ခေါင်းဆောင် ကိုယ်စားလှယ်များ၊ ကျနော်တို့ဟာ ဒီညီလာခံကို နိုင်ငံရဲ့ငြိမ်းချမ်းရေးအတွက်၊ ဆွေးနွေးညှိနှိုင်း အဖြေရှာဖို့၊ ကိုယ်စားပြုမှု အသီးသီးဖြင့် တက်ရောက်လာခြင်းဖြစ်ပါသည်။ ကျနော်တို့နိုင်ငံရဲ့

အနာဂါတ်အရေးအတွက် တက်ရောက်ဆွေးနွေးခြင်းဖြစ်ပါတယ်။ ကျနော်တို့ရဲ့ ဆွေးနွေးမှု၊ ဆုံးဖြတ်မှုဟာ ကျနော်တို့ နိုင်ငံရဲ့ အနာဂါတ်အတွက် အလွန်မှ အရေးကြီးပါတယ်။ ကျနော်တို့မှာ တာဝန်အရှိဆုံးဖြစ်ပါတယ်။ ကျနော်တို့ရဲ့ ဆွေးနွေးဆုံးဖြတ်ချက်အားလုံးသည် ကျနော်တို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက်၊ ကျနော်တို့ ပြည်ထောင်စုမပြိုကွဲရေးအတွက်၊ ပြည်ထောင်စု အချုပ်အခြာအာဏာတည်တံ့ ခိုင်မြဲရေးတို့ကို ပိုမိုကောင်းမွန်စေမည့် ဆုံးဖြတ်ချက်များ ရရှိ ပါစေကြောင်း အလေးအနက် တိုက်တွန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါသည်။